၂၀၂၀ခုနှစ် ယဉ်ကျေးမှုအေဂျင်စီကြီးကြပ်「နိုင်ငံခြားသားနေထိုင်သူများ」

အတွက်ဂျပန်ဘာသာစကားသင်ကြားရေး

# 「တိုရှိမာ့မြို့နယ်တွင်းဂျပန်ဘာသာစကားလေ့လာရေးပတ်ဝန်းကျင်နှင့်သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာစစ်တမ်း」ရလဒ်အစီရင်ခံချက် ＜စာစောင်＞


တိုရှိမာ့မြို့နယ် မူဝါဒစီမံခန့်ခွဲရေးဌာန စီမံခန့်ခွဲရေးဌာနခွဲ

ဂတ်ကုရှုအင်းတက္ကသိုလ် နိုင်ငံတကာရေးရာစင်တာ


၆-၃-၂၀၂၁

တိုရှိမာ့မြို့နယ်နှင့် ဂတ်ကုရှုအင်းတက္ကသိုလ်တို့ သည် တိုရှိမာ့မြို့နယ်တွင်းနေထိုင်လျက်ရှိသော နိုင်ငံခြားသားများအား သဘောထားစစ်တမ်းတစ်ခုကို ကောက်ယူခဲ့ပါသည်။ လက်ရှိတိုရှိမာ့မြို့နယ်တွင်း ဂျပန်ဘာသာစကားလေ့လာသင်ယူမှုဆိုင်ရာအနေအထား မည်မျှအတိုင်းအတာအထိဖြစ်ထွန်းနေသနည်း၊ တိုရှိမာ့မြို့နယ်တွင်းနေထိုင်လျက်ရှိသော နိုင်ငံခြားသား များထံသို့ သက်ဆိုင်သည့် သတင်းအချက်အလက်များ ရောက်ရှိသလော စသည်တို့ကိုသိရှိရန် ကောက်ယူခဲ့သည့်စစ်တမ်း ဖြစ်ပါသည်။ ဤစစ်တမ်း၏ရလဒ်အပေါ် အခြေခံ၍ဂျပန်ဘာသာစကားကို လွယ်ကူစွာလေ့လာသင်ယူနိုင်မည့်ပတ်ဝန်းကျင် ဖန်တီးရေးကို လုပ်ကိုင်ဆောင်ရွက်သွားရန် ရည်သန်ပါသည်။ ယခုလက်ကမ်းစာအုပ်ငယ်သည် စစ်တမ်း၏ရလဒ်တစ်စိတ် တစ်ပိုင်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဖြစ်ပါသည်။ နောက်ပိုင်းတွင် ဘာသာပြန်ပုံနှိပ်မှတ်တမ်းနှင့်အတူ တိုရှိမာ့မြို့နယ်နှင့် ဂတ်ကုရှုအင်းတက္ကသိုလ်နိုင်ငံတကာရေးရာစင်တာ အင်တာနက်စာမျက်နှာတွင် အသေးစိတ် ဖော်ပြသွားပါမည်။ တွေ့ရှိချက်အသေးစိတ်ရလဒ်ကို ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်တွင် ထုတ်ပြန်သွားပါမည်။

＜တွေ့ရှိချက်အကျဉ်း＞

စစ်တမ်းကောက်ယူအဖွဲ့ - တိုရှိမာ့မြို့နယ် ၊ ဂတ်ကုရှုအင်းတက္ကသိုလ်

ဦးတည်ထားရှိသူများ - တိုရှိမာ့မြို့နယ်တွင်း နေထိုင်သည့် မှတ်ပုံတင်စာရင်းဝင် အသက် ၁၈ နှစ်အထက် နိုင်ငံခြားသား

ကောက်ယူနည်းလမ်း - အင်တာနက်မှတစ်ဆင့် (စာတိုက်မှ အသိပေးတောင်းဆိုစာပေးပို့)

ဘာသာစကား-ဂျပန်၊ လွယ်ကူသောဂျပန်စာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ တရုတ်(ရိုးရှင်းနှင့် ရိုးရာစာ)၊ ဗီယက်နမ်၊ နီပေါ၊မြန်မာ၊

စစ်တမ်းကာလ - ၁၃-၁၀-၂၀၂၀ မှ ၁-၁၁-၂၀၂၀ အထိ

ပါဝင်အကြောင်းအရာ

၁) ဂျပန်ဘာသာစကားလေ့လာရေးနှင့်ဆက်နွယ်ကိစ္စ - ဂျပန်ဘာသာစကားကျွမ်းကျင်မှုစွမ်းရည်၊ အသုံးချမှုအခြေအနေ စသဖြင့် (ယဉ်ကျေးမှုအေဂျင်စီ ၏ ဂျပန်ဘာသာစကားဆိုင်ရာပညာရေး လေ့လာမှုစစ်တမ်းအတွက် ပြင်ဆင်သုံးစွဲထားသည့်အသုံးအနှုန်း)

၂) သတင်းအချက်အလက်ဖလှယ်ရေးနှင့်ဆက်နွယ်ကိစ္စ - သတင်းအချက်အလက်ရယူရန် နေရာနှင့် အသုံးပြုမှု စသဖြင့်

၃) ကိုယ်ပိုင်စွမ်းရည်ဆိုင်ရာ

လက်ခံရရှိမှု : 1,348ကြိမ် (ပေးပို့မှု 9,630 ကြိမ်), သတ်မှတ်ဘောင်ဝင်မှု 1,179ကြိမ်


＜ဆက်သွယ်ရန်＞

〒171-8588 Tokyo, Toshima Ku, Mejiro1-5-1

Gakushuin University, International Center

E-mail: nnet.toshima.jimu@gmail.com

Tel: 03-5992-1024

# 1. ပြန်လည်ဖြေကြားသူများနှင့် ပတ်သက်၍

## 1-1. ဇာတိနိုင်ငံ ၊ ဒေသ

| တရုတ် | ဗီယက်နမ် | တောင်/မြောက် ကိုရီးယား | ထိုင်ဝမ် | နီပေါ | မြန်မာ | ဖိလစ်ပိုင် | အမေရိက | ပြင်သစ် | မလေးရှား | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| 582 | 120 | 102 | 76 | 59 | 53 | 22 | 22 | 15 | 10 | 118 | 1,179 |

## 1-2. ကျား/မ

ကျား 531ဦး(45.04%),မ 627ဦး(53.18%),မသိရသူ 19 ဦး(1.61%),အခြား 2 ဦး(0.17%)တို့ရှိမှာမြို့နယ်ရှိ နိုင်ငံခြားသားများအနက် အမျိုးသမီးငယ်အရေအတွက်က အနည်းငယ်ပိုသည်။

## 1-3. အသက်




## 1-4. နေထိုင်ခွင့် ဗီဇာ




## 1-5.ဂျပန်တွင်နေထိုင်မှုကြာမြင့် ကာလ

| ဂျပန်တွင်နေထိုင်မှုကြာမြင့်ကာလ | အရေအတွက်(%) |
|---|---|
| 1. ၆ လမပြည့် | 4(0.34%) |
| 2. ၆ လ မှ ၁၂ လ ကြား | 66(5.60%) |
| 3. ၁ နှစ် မှ ၃ နှစ် ကြား | 403(34.18%) |
| 4. ၃ နှစ် မှ ၅ နှစ် ကြား | 217(18.41%) |
| 5. ၅ နှစ် မှ ၁၀ နှစ် ကြား | 211(17.90%) |
| 6. ၁၀ နှစ် မှ ၁၅ နှစ် ကြား | 122(10.35%) |
| 7. ၁၅ နှစ် အထက် | 156(13.23%) |

# 2. ဂျပန်ဘာသာစကားလေ့လာမှု ၊ ကျွမ်းကျင်မှု၊ အသုံးပြုမှုနှင့်ပတ်သက်၍

စစ်တမ်းတွင် ဘာသာစကား ၈ မျိုးအနက် မေးခွန်းလွှာ ၉ မျိုးအထဲမှ ဖြေကြားလွယ်ကူသောဘာသာစကားဖြင့် ရွေးချယ်စေခဲ့ပါသည်။ထိုအထဲမှသတ်မှတ်ဘောင်ဝင် ဖြေကြားမှု ၁၁၇၉ ထဲမှ「ဂျပန်ဘာသာဖြင့် 」ဖြေကြားမှု ၃၁၀ ရရှိခဲ့ပါသည်။「2」နှင့်ပတ်သက်၍ ဂျပန်ဘာသာစကားလေ့လာမှုသည် အရေးပါသည်ဟု ဖြေကြားသူများ၏ထပ်ဆောင်းဖြေကြားမှု ကိုဖော်ပြရန်အရေးကြီးသည်ဟုလည်း မှတ်ယူပါသည်။ ဖြေကြားမှုထဲမှ 「ဂျပန်ဘာသာ」နှင့်「ဂျပန်ဘာသာမဟုတ်」တို့ကို အတန်းလိုက် ခွဲခြားဖော်ပြလိုက်ပါသည်။

## 2-1.ဂျပန်ဘာသာစကားကို လေ့လာသင်ယူဖူးပါသလား

| | ဂျပန်ဘာသာမဟုတ် | ဂျပန်ဘာသာ | စုစုပေါင်းဖြေကြားမှု |
|---|---|---|---|
| 1.သင်ယူဖူး | 778(89.53%) | 287(92.58%) | 1,065(90.33%) |
| 2.မသင်ယူဖူး | 91(10.47%) | 23(7.42%) | 114(9.67%) |

## 2-2.ယခု ဂျပန်ဘာသာစကား လေ့လာသင်ယူ /မယူ

| | ဂျပန်ဘာသာမဟုတ် | ဂျပန်ဘာသာ | စုစုပေါင်းဖြေကြားမှု |
|---|---|---|---|
| 1.သင်ယူနေသည် | 507(58.34%) | 115(37.10%) | 622(52.76%) |
| 2.မသင်ယူပါ | 362(41.66%) | 195(62.90%) | 557(47.24%) |

## 2-3ဂျပန်ဘာသာစကားလေ့လာသင်ယူအကြောင်းရင်း/ရည်ရွယ်ချက်(၁ ခုထက်မက ဖြေနိုင်သည် )

| အကြောင်းရင်း/ရည်ရွယ်ချက် | ဂျပန်ဘာသာမဟုတ် | ဂျပန်ဘာသာ | စုစုပေါင်းဖြေကြားမှု |
|---|---|---|---|
| 1.ဂျပန်တွင်နေထိုင်ရန်အတွက်အရေးကြီးသောကြောင့် | 401(79.09%) | 91 (79.13%) | 492 (79.10%) |
| 2.ဂျပန်လူမျိုးမိတ်ဆွေတိုးပွားရန် | 226(44.58%) | 55(47.83%) | 281(45.18%) |
| 3.အလုပ်အတွက်အရေးကြီးသောကြောင့် | 236(46.55%) | 55(47.83%) | 291(46.78%) |
| 4.ပိုမိုကောင်းမွန်သောအလုပ်ရရှိရန် | 213(42.01%) | 45(39.13%) | 258(41.48%) |
| 5.ပညာဆက်လက်သင်ကြားရန် | 271(53.45%) | 61(53.04%) | 332(53.38%) |
| 6.အခြား | 35(6.90%) | 16(13.91%) | 51(8.20%) |

ဖြေကြားသူစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းသည် ဂျပန်ဘာသာစကားလေ့လာသင်ယူမှု အတွေ့အကြုံရှိသည်။ တစ်ဝက်ခန့်က 「ဂျပန်ဘာသာမဟုတ်」ဖြေကြားသူ၏၆၀ ရာခိုင်နှုန်းနီးပါးက လောလောဆယ် လေ့လာသင်ယူနေသည်။
သင်ယူရသည့်အကြောင်းရင်း/ ရည်ရွယ်ချက်မှာ
「ဂျပန်တွင် နေထိုင်ရန် အရေးကြီးသောကြောင့်」ဟု ဖြေကြားသူ ၈၀ ရာခိုင်နှုန်းရှိသည်။

## 2-4.သင်ယူလေ့လာခြင်းမပြုသည့်အကြောင်းရင်း၁ ခုထက်မက ဖြေနိုင်သည်

| အကြောင်းရင်း | ဂျပန်ဘာသာမဟုတ် | ဂျပန်ဘာသာ | စုစုပေါင်းဖြေကြားမှု |
|---|---|---|---|
| 1.မိခင်ဘာသာစကားဖြစ်သောကြောင့် | 2(0.55%) | 38(19.49%) | 40(7.18%) |
| 2.ဂျပန်ဘာသာစကားကျွမ်းကျင်နေပြီဖြစ်သောကြောင့် | ①155(42.82%) | 112(57.44%) | 267(47.94%) |
| 3.ဂျပန်စကားကို အသုံးပြုရန် မလိုသောကြောင့် | 9(2.49%) | 2(1.03%) | 11(1.97%) |
| 4.အခြားဘာသာစကားဖြင့် အသက်ရှင်နေထိုင်နိုင်သည့်အတွက် | 26(7.18%) | 3(1.54%) | 29(5.21%) |
| 5.ကလေးထိန်းနေရသည့်အတွက်သင်ယူလေ့လာရန်အချိန်မရှိ | 35(9.67%) | 6(3.08%) | 41(7.36%) |
| 6.အလုပ်လုပ်နေရသည့်အတွက် သင်ယူလေ့လာရန်အချိန်မရှိ | ②129(35.64%) | 40(20.51%) | 169(30.34%) |
| 7.သင်ယူလေ့လာရန်လုံလောက်သည့်ငွေကြေးပမာဏမရှိ | 64(17.68%) | 11(5.64%) | 75(13.46%) |
| 8.စာသင်ကြားခန်းဆိုင်ရာသတင်းအချက်အလက်မရှိ | ③72(19.89%) | 12(6.15%) | 84(15.08%) |
| 9.တက်ရောက်လိုသောသင်တန်းချိန်နှင့် မကိုက်ညီသောကြောင့်. | 42(11.60%) | 7(3.59%) | 49(8.80%) |
| 10.သင်တန်းနေရာဝေးသည့်အတွက် | 14(3.87%) | 1(0.51%) | 15(2.69%) |
| 11.သင်ကြားပို့ချမှုအကြောင်းအရာ၊ အဆင့်တို့နှင့် မကိုက်ညီ | 19(5.25%) | 7(3.59%) | 26(4.67%) |
| 12.မည်သို့သင်ယူလေ့လာရမည်ကို နားမလည်သောကြောင့် | ④68(18.78%) | 11(5.64%) | 79(14.18%) |
| 13.သင့်လျော်သောသင်ထောက်ကူပစ္စည်းမရှိသောကြောင့် | 27(7.46%) | 4(2.05%) | 31(5.57%) |
| 14.မိသားစု၏နားလည်မှုကို မရသောကြောင့် | 0(0.00%) | 1(0.51%) | 1(0.18 %) |
| 15.သင်ယူလေ့လာလိုသည့်ဆန္ဒမရှိသောကြောင့် | 21(5.80%) | 8(4.10%) | 29(5.21%) |
| 16.အခြား | 20(5.52%) | 12(6.15%) | 32(5.75%) |

လောလောဆယ် ဂျပန်ဘာသာစကားကို မလေ့လာသောသူများကို ဘာကြောင့်ဆိုသည်ကို မေးခဲ့ပါသည်။「ဂျပန်ဘာသာမဟုတ်」ဖြင့်ဖြေကြားသူ「ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်နေပြီဖြစ်သောကြောင့်」အပြင် နောက်ထပ်များသော အကြောင်းပြချက်မှာ「အလုပ်လုပ်နေရသောကြောင့် လေ့လာသင်ယူရန်အချိန်မရသောကြောင့်」「စာသင်ခန်း ဆိုင်ရာ သတင်းအချက်အလက်မရှိသောကြောင့်」「မည်သို့သင်ယူလေ့လာရမည်ကို နားမလည်သောကြောင့်」
ဖြစ်ပါသည်။အချိန်မရှိ၊သင်ယူလေ့လာရန် သတင်းအချက်အလက် က မရှိ
သည့်အကြောင်းရင်းများကနည်းပါးသည်မှုမရှိသည်ကိုလည်း သိခဲ့ရသည်။

## 2-5.ဂျပန်ဘာသာစကားကို သင်ယူလေ့လာချင်သလား

ယခုလောလောဆယ်ဂျပန်ဘာသာစကားကိုလေ့လာသင်ယူမှုမရှိသောသူများအနက်「ဂျပန်ဘာသာမဟုတ်」သူများထဲမှ 70%က သင်ယူလိုကြသည်။

| | ဂျပန်ဘာသာမဟုတ် | ဂျပန်ဘာသာ | စုစုပေါင်းဖြေကြားမှု |
|---|---|---|---|
| 1.လေ့လာသင်ယူလိုသည် | 254(70.17%) | 80(41.03%) | 334(59.96%) |
| 2.လေ့လာသင်ယူလိုခြင်းမရှိပါ | 108(29.83%) | 115(58.97%) | 223(40.04%) |

## 2-6. ဂျပန်ဘာသာစကားလေ့လာမှုနည်းလမ်း(၁ ခုထက်မက ဖြေနိုင်သည် )

| နည်းလမ်း | ဂျပန်ဘာသာမဟုတ် | ဂျပန်ဘာသာ | စုစုပေါင်းဖြေကြားမှု |
|---|---|---|---|
| 1.မိမိဖာသာလေ့လာမှု(ဖတ်စာအုပ်၊ရုပ်မြင်သံကြား) | 275(54.24%) | 67(57.39%) | 341(54.82%) |
| 2.မိမိဖာသာလေ့လာမှု(အင်တာနက်၊အပလီကေးရှင်း) | 282(55.62%) | 61 (53.04%) | 343(55.14%) |
| 3.အဝေးသင်ပညာကျောင်း | 35(6.90%) | 8(6.96%) | 43(6.91%) |
| 4.အခမဲ့ဂျပန်ဘာသာစကားသင်ကြားခန်း | 27(5.33%) | 5(4.35%) | 32(5.14%) |
| 5.အခကြေးငွေပေးဂျပန်ဘာသာစကားသင်ကြားခန်း | 47(9.27%) | 7(6.09%) | 54(8.68%) |
| 6.ဂျပန်ဘာသာစကားသင်ကျောင်း | 215(42.41%) | 38(33.04%) | 253(40.68%) |
| 7.မိသားစုထံမှ | 10(1.97%) | 10(8.70%) | 20(3.22%) |
| 8.အလုပ်ခွင်တွင်းမှ | 82(16.17%) | 27(23.48%) | 109(17.52%) |
| 9.ဂျပန်လူမျိုးမိတ်ဆွေထံမှ | 91(17.95%) | 32(27.83%) | 123(19.77%) |
| 10.ဂျပန်လူမျိုးမဟုတ်မိတ်ဆွေထံမှ | 44(8.68%) | 7(6.09%) | 51(8.20%) |
| 11.မိမိပတ်ဝန်းကျင်ကပြောသောစကားများမှ | 168(33.14%) | 57(49.57%) | 225(36.17%) |
| 12.အခြား | 45(8.88%) | 9(7.83%) | 54(8.68%) |

လောလောဆယ် ဂျပန်ဘာသာစကားလေ့လာနေသူများထဲမှ ၄၀ ရာခိုင်နှုန်းလောက်သည် ဂျပန်ဘာသာစကားသင်ကျောင်းတွင်လေ့လာနေကြသည်။အခမဲ့ဂျပန်ဘာသာစကားသင်ကြားခန်းဖြစ်သည့်တိုင် လေ့လာသင်ယူနေသူသည် ၅ ရာခိုင်နှုန်းမျှသာရှိသည်။ (မိမိကိုယ်တိုင်)(ပတ်ဝန်းကျင်ပြောစကားကိုနားထောင်ပြီးမှတ်သား) နည်းဖြင့် တစ်ယောက်တည်း လေ့လာသူ နည်းသည်ကို သိရှိခဲ့ရသည်။

## 2-7. လက်ရှိ ဂျပန်ဘာသာစကားစွမ်းရည်

「အပြော」「နားထောင် 」「အဖတ် 」「အရေး」စသည်တို့အနက် ၁-၅အထိအဆင့်များထဲမှ မိမိဖာသာဆုံးဖြတ်နိုင်သည့် အနေအထားကို သိခဲ့ရပါသည်။ အပြောနှင့် အဖတ် ဆိုင်ရာ ရလဒ်ကို ဖော်ပြလိုက်ပါသည်။

### (1)「အပြော」စွမ်းရည်

1.မိမိပြောချင်သည်ကို အခက်အခဲမရှိ ပြောနိုင်သည်
2.မိမိပြောချင်သည်ကို အသင့်အတင့်ပြောနိုင်သည်
3. လွယ်ကူသောနေ့စဉ်သုံးစကားကို ပြောနိုင်သည်
4. မိမိကိုယ်ကိုမိတ်ဆက်၊ သတ်မှတ်နှုတ်ဆက်စကား၊ ဝေါဟာရစကားလုံးပြောနိုင်သည်
5. လုံးဝနီးပါး မပြောနိုင်ပါ



(2) 「အဖတ် 」စွမ်းရည်

1.အုပ်ချုပ်ရေးရုံး၊ ကျောင်း ၊ အလုပ်မှ စာရွက်စာတမ်းများကို ဖတ်ရှုနားလည်ပါသည်
2. အုပ်ချုပ်ရေးရုံး၊ ကျောင်း ၊ အလုပ်မှ စာရွက်စာတမ်းများကို ဖတ်ရှု၍ အသင့်အတင့်နားလည်သည်
3. သတင်းစာ၊ မဂ္ဂဇင်း၊ ကြော်ငြာစာရွက်၊ ရထားအချိန်ပြဇယားများကိုကြည့်၍ လိုသောသတင်းအချက်အလက်များကို ရယူနိုင်သည်။
4.ရုပ်ပုံပါလွယ်ကူရှင်းလင်းညွှန်ကြားချက်နားလည်သည် (အမှိုက်ပစ်နည်း ဟင်းလျာချက်ပြုတ်နည်း)
5.လုံးဝနီးပါး မဖတ်နိုင်ပါ




「ဂျပန်ဘာသာမဟုတ်」ဖြေကြားသူများက「ဂျပန်ဘာသာ」ဖြေကြားသူများထက် ဂျပန်ဘာသာ စကားစွမ်းရည်နိမ့် သည်ကို သိခဲ့ရသည်။ 「အပြော」စွမ်းရည်တွင်「ဂျပန်ဘာသာ မဟုတ်」 ဖြေကြားသူထဲမှ ၄၀ရာခိုင်နှုန်းနီးပါးက 「လွယ်ကူသောနေ့စဉ်သုံးစကား」「မိမိကိုယ်ကိုမိတ်ဆက်」နိုင်သည့်အဆင့်ရှိသည်။「အဖတ်」စွမ်းရည်တွင် 「လုံးဝ နီးပါးမဖတ်နိုင်」「ရုပ်ပုံပါလွယ်ကူရှင်းလင်း ညွှန်ကြား ချက်ကို နားလည်သူ ၂၀ရာခိုင်နှုန်းရှိသည်။

## 2-8. ဂျပန်ဘာသာစကားအသုံးပြုမှုကိစ္စ (၁ ခုထက်မက ဖြေနိုင်သည်)

| နေရာ ကိစ္စ | ဂျပန်ဘာသာမဟုတ် | ဂျပန်ဘာသာ | စုစုပေါင်းဖြေကြားမှု |
|---|---|---|---|
| 1.အသုံးပြုရန်အခွင့်အလမ်းမရှိ | 8(0.92%) | 3(0.97%) | 11(0.93%) |
| 2.အိမ်နီးနားချင်းနှင့် စကားပြောသောအခါ | 324(37.28%) | 178(57.42%) | 502(42.58%) |
| 3.ရထား၊ဘတ်စကားစီးသည့်အခါ | 389(44.76%) | 207(66.77%) | 596(50.55%) |
| 4.နေ့စဉ်ဘ၀ ဈေးဝယ်သောအခါ | 752(86.54%) | 286(92.26%) | 1,038(88.04%) |
| 5.အုပ်ချုပ်ရေးရုံးကိစ္စလုပ်ကိုင်သောအခါ | 629(72.38%) | 268(86.45%) | 897(76.08%) |
| 6.စာတိုက်၊ ဘဏ်သွားသောအခါ | 622(71.58%) | 269(86.77%) | 891(75.57%) |
| 7.အလုပ်ရှာဖွေသောအခါ | 379(43.61%) | 158(50.97%) | 537(45.55%) |
| 8.လုပ်ငန်းခွင်တွင် | 526(60.53%) | 230(74.19%) | 756(64.12%) |
| 9.တက်ရောက်နေသောကျောင်းတွင် | 401(46.14%) | 117(37.74%) | 518(43.94%) |
| 10.နာမကျန်းဖြစ်သောအခါ | 387(44.53%) | 223(71.94%) | 610(51.74%) |
| 11. သားသမီး၏ကျောင်းမှဆရာနှင့်စကားပြောသောအခါ | 128(14.73%) | 55(17.74%) | 183(15.52%) |
| 12. အခြား | 117(13.46%) | 58(18.71%) | 175(14.84%) |

၉၀ရာခိုင်နှုန်းနီးပါးက「နေ့စဉ်ဘ၀ ဈေးဝယ်သောအခါ」ဂျပန်စကားကိုသုံးသည်။ သို့သော်「ဂျပန်ဘာသာမဟုတ်」 ဖြေကြားသူများသည် နေရာအားလုံးလိုလိုတွင်「ဂျပန်ဘာသာ」ဖြေကြားသူများထက် ရွေးချယ်နိုင်မှု နည်းပါးသည်၊ 「ဂျပန်ဘာသာမဟုတ်」ကိုရွေးသူများသည် ဂျပန်စကားကို သုံးနိုင်သည့်နေရာသည် 「ဂျပန်ဘာသာ」ဖြေကြားသူ များထက်နယ်ပယ်အားလုံးလိုလိုတွင် အသုံးပြု နယ်ပယ်ကျဉ်းမြောင်းသည်

## 2-9.ဂျပန်ဘာသာစကားသုံးရာတွင် အခက်အခဲတွေ့ရသောနေရာ(၁ခုထက်မကဖြေနိုင်သည်)

| ဂျပန်ဘာသာစကားသုံးရာတွင်အခက်တွေ့သောနေရာ | ဂျပန်ဘာသာမဟုတ် | ဂျပန်ဘာသာ | စုစုပေါင်းဖြေကြားမှု |
|---|---|---|---|
| 1.အခက်အခဲမကြုံဘူးပါ | 160(18.41%) | 194(62.58%) | 354(30.03%) |
| 2.အိမ်နီးနားချင်းနှင့်စကားပြောသောအခါ | 137(15.77%) | 15(4.84%) | 152(12.89%) |
| 3.ရထား ဘတ်စကားစီးသောအခါ | 63(7.25%) | 6(1.94%) | 69(5.85%) |
| 4.နေ့စဉ်ဘဝ ဈေးဝယ်သောအခါ | 181(20.83%) | 15(4.84%) | 196(16.62%) |
| 5.အုပ်ချုပ်ရေးရုံးကိစ္စလုပ်သောအခါ | 365(42.00%) | 22(7.10%) | 387(32.82%) |
| 6.စာတိုက်၊ ဘဏ်သွားသောအခါ | 297(34.18%) | 20(6.45%) | 317(26.89%) |
| 7.အလုပ်ရှာဖွေသောအခါ | 220(25.32%) | 23(7.42%) | 243(20.61%) |
| 8.လုပ်ငန်းခွင်အတွင်း | 259(29.80%) | 42(13.55%) | 301(25.53%) |
| 9.နာမကျန်းဖြစ်သောအခါ | 269(30.96%) | 45(14.52%) | 314(26.63%) |
| 10.သားသမီး၏ကျောင်းမှဆရာနှင့်စကားပြောသောအခါ | 68(7.83%) | 4(1.29%) | 72(6.11%) |
| 11.အခြား | 104(11.97%) | 25(8.06%) | 129(10.94%) |

「ဂျပန်ဘာသာမဟုတ်」ဖြေဆိုသူများ၏၈ဝရာခိုင်နှုန်းကျော်က အခက်အခဲတွေ့သည်ဟု ဖြေသည်။ဂျပန်ဘာသာစကားလေ့လာရန် အရေးကြီးသည်ကို သိလာရသည်။အထူးသဖြင့် ဂျပန်ဘာသာစကားကို အသုံးများသည့်「အစိုးရရုံးကိစ္စ」「စာတိုက်၊ ဘဏ်ကိစ္စ 」တို့တွင် အခက်အခဲများသည်ကို သိလာရသည်။ ထို့အပြင် နာမကျန်းဖြစ်သောအခါနှင့် အလုပ်နှင့် ပတ်သက်သောကိစ္စများတွင် အခက်အခဲများသည်ကို သိလာရသည်။

## 2-10. ဖတ်ရှုနားလည်နိုင်သော ဘာသာစကား (၁ ခုထက်မက ဖြေနိုင်ပါသည်)

| ဘာသာစကား | 1.ဂျပန် | 2.တရုတ် | 3.တောင်/မြောက်ကိုရီးယား | 4.အင်္ဂလိပ် | 5.ဖိလစ်ပိုင် | 6.ဗီယက်နမ် | 7.နီပေါ | 8.မြန်မာ | 9.ထိုင်း | 10.အခြား |
|---|---|---|---|---|---|---|---|---|---|---|
| ဂျပန်ဘာသာမဟုတ် | 678(78.02%) | 477(54.89%) | 74(8.52%) | 516(59.38%) | 22(2.53%) | 107(12.31%) | 55(6.33%) | 45(5.18%) | 4(0.46%) | 81(9.32%) |
| ဂျပန်ဘာသာ | 300(96.77%) | 210(67.74%) | 56(18.06%) | 213(68.71%) | 1(0.32%) | 5(1.61%) | 4(1.29%) | 3(0.97%) | 5(1.61%) | 43(13.87%) |
| စုစုပေါင်းဖြေကြားမှု | 987(83.72%) | 687(58.27%) | 130(11.03%) | 729(61.83%) | 23(1.95%) | 112(9.50%) | 59(5.00%) | 48(4.07%) | 9(0.76%) | 124(10.52%) |

# 3. တိုရှိမာ့မြို့နယ်တွင်းနေထိုင်မှုနှင့်ပတ်သက်၍

## 3-1. သတင်းအချက် ရ/မရ

### ①သဘာဝဘေးကျရောက်ချိန် လုပ်ရမည့်ကိစ္စနှင့်ပတ်သက်၍




### ②သဘာဝဘေးကြီးကျရောက်ချိန် တိမ်းရှောင်နေရာနှင့် ပတ်သက်၍

| | ဂျပန်ဘာသာမဟုတ် | ဂျပန်ဘာသာ | စုစုပေါင်းဖြေကြားမှု |
|---|---|---|---|
| 1.သိသည် | 446(51.32%) | 205(66.13%) | 651(55.22%) |
| 2.မသိပါ | 423(48.68%) | 105(33.87%) | 528(44.78%) |

သဘာဝဘေးတွင်းလုပ်ရမည်ကို「ကောင်းစွာသိသူ 」နှင့် 「အသင့်အတင့်သိသည် 」ကို ပေါင်းလိုက်ပါက ၈ဝ ရာခိုင်နှုန်းကျော်သည်။ တိမ်းရှောင်ရန်နေရာကို「မသိ」ဖြေသည့် ဂျပန်ဘာသာမဟုတ် အရေအတွက်က တစ်ဝက်ကျော်ရှိသည်။

3-2 တိုရှိမာ့မြို့နယ်၏အင်တာနက်စာမျက်နှာ「နိုင်ငံခြားသားများအတွက် နေထိုင်မှုဆိုင်ရာ သတင်းအချက်အလက်」အသုံးပြုမှု သတင်းအချက်အလက်

| စဉ် | အသုံးပြုမှုသတင်းအချက်အလက် | ဖြေကြားမှု |
|---|---|---|
| 1 | လိပ်စာ ၊ အိမ်ထောင်စုစာရင်း ၊ အခွန်ကိစ္စ စသဖြင့် | 96 (68.57%) |
| 2 | ကျန်းမာရေး ၊ အများပြည်သူဆိုင်ရာအာမခံ | 72 (51.43%) |
| 3 | နေထိုင်မှု | 71 (50.71%) |
| 4 | နိုင်ငံခြားဘာသာစကားသတင်းအချက်အလက် | 60 (42.86%) |
| 5 | အရေးပေါ် ၊ သဘာဝဘေး | 52 (37.14%) |
| 6 | ယဉ်ကျေးမှု၊ ပွဲလမ်းသဘင်၊ လူမှုအသိုက်အဝန်း | 49 (35.00%) |
| 7 | ကလေးပြုစုစောင့်ရှောက်ရေး | 19 (13.57%) |
| 8 | အခြား | 12 (8.57%) |

「နိုင်ငံခြားသားများနေထိုင်မှုဘဝအတွက်အချက်အလက်သတင်း」ကိုအသုံးပြုဖူးသည်ဟုဖြေခဲ့ သူများက ဘယ်လိုသတင်းအချက်အလက်အသုံးပြုသည်ကိုပါ ဖြေကြားခဲ့ကြသည်။ အများဆုံး အသုံးပြုသည်မှာ「လိပ်စာ・အိမ်ထောင်စုစာရင်း၊ အခွန်ကိစ္စ 」「ကျန်းမာရေး၊ အများပြည်သူ ဆိုင်ရာအာမခံ」စသည့်ရုံးလုပ်ငန်းဆိုင်ရာကိစ္စများက အများဆုံးဖြစ်သည်ကို တွေ့ရသည်။ ထို့အပြင်「နိုင်ငံခြားဘာသာဖြင့် သတင်းအချက်အလက်」ကိုလည်း 42.86%က ရယူခြင်း၊ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ သတင်းအချက်အလက် ၊ ရုံးကောင်တာ ဘာသာစကားစုံထားရှိရေး၏ ၏ အရေးကြီးပုံကိုလည်း ဖော်ပြနေပါသည်။

## 3-3.တိုရှိမာ့မြို့နယ် ယဉ်ကျေးမှုစုံယှဉ်တွဲနေထိုင်ရေးနှင့်ပတ်သက်၍ အဓိကအချက်ကို ရွေးပါ (၃ ချက်အထိ ရွေးနိုင်ပါသည်)

| စဉ် | အကြောင်းအရာ | ဖြေကြားမှုကြိမ်ရေ |
|---|---|---|
| 1 | နိုင်ငံခြားသားနှင့် ဂျပန်လူမျိုးများဖလှယ်နိုင်သည့်အခွင့်အလမ်းဖန်တီးရေး | 451(38.25%) |
| 2 | နိုင်ငံခြားသားများ၏နေထိုင်မှုဘဝနှင့် အလုပ်လုပ်နိုင်ရေးအတွက်အတိုင်ပင်ခံနေရာဖန်တီးရေး | 400(33.93%) |
| 3 | ဂျပန်တွင်နေထိုင်ရေးအတွက် အရေးပါသည့်ဂျပန်၏စနစ်၊စည်းမျဉ်းကိုလေ့လာရန်ဖန်တီးရေး | 316(26.80%) |
| 4 | နိုင်ငံခြားသားများ ရပ်ကွက်တွင်းလှုပ်ရှားမှုတွင်ပါဝင်ရေးကို အားပေးရေး | 300(25.45%) |
| 5 | နေထိုင်မှုဆိုင်ရာသတင်းအချက်အလက်ဖော်ပြမှုနည်းလမ်းချဲ့ထွင်ရေး( SNS, ICTစသဖြင့်) | 284(24.09%) |
| 6 | ဖလှယ်မှုပြုရင်း ဘာသာစကားအပြန်အလှန်သင်ယူနိုင်သည့်အခွင့်အလမ်း ဖန်တီးရေး | 277(23.49%) |
| 7 | နေထိုင်မှုပုံစံကွဲပြားမှုကို စဉ်းစားကာ ဂျပန်ဘာသာစကားသင်ယူရေးအခွင့်အလမ်း တိုးချဲ့ရေး | 240(20.36%) |
| 8 | နေထိုင်မှုဆိုင်ရာသတင်းအချက်အလက်ကို အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယားအပြင် အခြားဘာသာ စကားဖြင့် ဖော်ပြပေးရေး | 232(19.68%) |
| 9 | နိုင်ငံခြားသားလူမှုအသိုက်အဝန်းကို အကူအညီပေးရေး | 203(17.22%) |
| 10 | ဂျပန်လူမျိုးများက အမျိုးမျိုးသောနိုင်ငံခြားစကား ယဉ်ကျေးမှုကိုလေ့လာနိုင်သည့် အခွင့်အလမ်းဖန်တီးရေး | 185(15.69%) |
| 11 | ဂျပန်ဘာသာစကားသင်တန်းကို သွားလာရေးလွယ်ကူသောနေရာတွင် ဖွင့်လှစ်ရေး | 184(15.61%) |
| 12 | နိုင်ငံခြားသားများ၏ မိခင်ဘာသာစကား ယဉ်ကျေးမှုကို ထုတ်ဖော်ပြသနိုင်သည့်အခွင့်အလမ်း ဖန်တီးရေး | 73(6.19%) |

နိုင်ငံခြားသားနှင့် ဂျပန်လူမျိုးများ၏ဖလှယ်မှု ၊ ဘာသာစကားအပြန်အလှန်လေ့လာမှု၊ ဂျပန်၏စနစ် စည်းကမ်းများကို လေ့လာနိုင်သည့် အခွင့်အလမ်းဖန်တီးခြင်း၊ အပြန်အလှန်အဆက်အသွယ်ပြုမှု အားကောင်းရေးဦးတည်ပြီးလုပ်ဆောင်ရန်မျှော်လင့်မှုများပါသည်။ နေထိုင်မှုဘဝ အလုပ်အကိုင် အတွက် စုံစမ်းမေးမြန်းမှုနေရာဖန်တီးရေးကို လုပ်ဆောင်စေလိုသူများပါသည်။ ကိုရိုနာဗိုင်းရပ်စ် ဂယက်ကိုလည်း ထည့်သွင်းစဉ်းစားပါသည်။

＊ဤစာစောင် ၊ ဘာသာပြန်ဆိုချက် ကို တိုရှိမာ့မြို့နယ်(နိုင်ငံခြားသားများအတွက် နေထိုင်မှုဘဝ သတင်းအချက်အလက်) https://www.city.toshima.lg.jp/info/index.html နှင့် ဂတ်ကုရှူအင်းတက္ကသိုလ် နိုင်ငံတကာစင်တာ ၏ အင်တာနက်စာမျက်နှာတွင် ၂၀၂၁ ခုနှစ် မတ်လ အတွင်း ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

〔တည်းဖြတ် 〕ဂတ်ကုရှူအင်းတက္ကသိုလ် Kanada Tomoko, Karakisawa Midori